
www.ISPMyanmar.com

# ISP DATA MATTERS

15 March 2022

## HUMAN RIGHTS VIOLATIONS

အလေးထားရမည့် ဒေတာအချက်အလက်များ **အမှတ်-၈**



စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်တွင် နေအိမ်နှင့် အဆောက်အအုံ ၁၉ လုံးထက်မနည်း ချိပ်ပိတ်ခံခဲ့ရပြီး တတိယ အများဆုံးဖြစ်သည်။

စစ်ကိုင်းတိုင်း မုံရွာမြို့နယ်တွင် နေအိမ်နှင့် အဆောက်အအုံ ၂၂ လုံးထက်မနည်း ချိပ်ပိတ်ခံခဲ့ရပြီး ဒုတိယအများဆုံးဖြစ်သည်။

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့် မြို့နယ်တွင် နေအိမ်နှင့် အဆောက်အအုံ ၂၉ လုံးထက်မနည်း ချိပ်ပိတ်ခံခဲ့ရပြီး အများဆုံး သိမ်းဆည်းခံခဲ့ရသည့် မြို့နယ်ဖြစ်သည်။

**မြို့နယ်အလိုက် ချိပ်ပိတ်ခံရသော နေအိမ်နှင့် အဆောက်အအုံ အရေအတွက်**

- ၂၅ လုံးနှင့်အထက်
- ၁၅ လုံးနှင့်အောက်
- ၁၀ လုံးနှင့်အောက်
- ၅ လုံးနှင့်အောက်
- တလုံးနှင့်အထက်

## နေအိမ်နှင့် အဆောက်အအုံ ၅၃၁ လုံးထက်မနည်း ချိပ်ပိတ်သိမ်းဆည်းခံခဲ့ရ


ISP-Myanmar ၏ အချက်အလက်များနှင့် နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က ပြုစုခဲ့သော မှတ်တမ်းများအရ စစ်အာဏာသိမ်းပြီး နောက်ပိုင်း ၂၀၂၂ ခုနှစ် မတ် ၇ ရက် အထိ နိုင်ငံတဝန်းတွင် (စစ်အာဏာ ရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုများနှင့် ဆက်စပ်၍) နေအိမ်နှင့် အဆောက် အအုံ **၅၃၁လုံး** ထက်မနည်းကို စစ်ကောင်စီက ချိပ်ပိတ်သိမ်းဆည်းခဲ့ကြောင်း တွေ့ရသည်။ ချိပ်ပိတ် သိမ်းဆည်းခံရမှု အများစုမှာ စစ်ကိုင်းတိုင်းအတွင်း ဖြစ်ပြီး **၁၃၅ လုံး**ထက်မနည်း ချိပ်ပိတ်ခံခဲ့ရသည်။ ရန်ကုန်တိုင်း၌ **၁၁၆ လုံး**၊ မန္တလေးတိုင်း၌ **၈၅ လုံး**၊ ဧရာဝတီတိုင်း၌ **၄၇ လုံး**နှင့် မကွေးတိုင်း၌ **၃၉ လုံး** ထက်မနည်း ချိပ်ပိတ်ခံခဲ့ရပါသည်။ ယခု အချက် အလက်များမှာ လက်လှမ်းမီသမျှ စုစည်းခဲ့ခြင်း ဖြစ်ပြီး ယခုဖော်ပြချက်ထက် ပိုများနိုင်ပါသည်။

ရည်ညွှန်း - မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

HUMAN RIGHTS VIOLATIONS

အလေးထားရမည့် ဒေတာအချက်အလက်များ **အမှတ်-၈**

## ၂၀၂၁ ခုနှစ် နိုဝင်ဘာလအတွင်း အများဆုံး ချိပ်ပိတ်သိမ်းဆည်းခံရ




အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ပြည်သူ့ခုခံတွန်းလှန်စစ် စတင်ရန် ကြေညာခဲ့သော ၂၀၂၁ ခုနှစ် စက်တင်ဘာ ၇ ရက် နောက်ပိုင်းမှ စတင်ကာ နေအိမ်နှင့် အဆောက်အအုံ ချိပ်ပိတ် သိမ်းဆည်းမှုများကို စစ်ကောင်စီက ပိုလုပ်လာခဲ့သည်။ ထို့နောက် ၂၀၂၁ ခုနှစ် နိုဝင်ဘာလ တလတည်းတွင် **၁၄၀** ထက်မနည်းကို ချိပ်ပိတ်ခဲ့ပြီး အများဆုံးဖြစ်ခဲ့သည်။ ထို့အပြင် အသံတိတ်သပိတ် ပြုလုပ်ရန် လှုံ့ဆော်ပါက နေအိမ်ချိပ်ပိတ် သိမ်းဆည်းသည်အထိ အရေးယူမည်ဟု စစ်ကောင်စီက ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးနောက် ဖေဖော်ဝါရီလအတွင်း ၁၂၅ လုံးထက်မနည်း ချိပ်ပိတ်သိမ်းဆည်းခံခဲ့ရပါသည်။

ရည်ညွှန်း - မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။


# ISP DATA MATTERS

15 March 2022

HUMAN RIGHTS VIOLATIONS

အလေးထားရမည့် ဒေတာအချက်အလက်များ **အမှတ်-၈**


## ■ အရပ်သားများ၏ နေအိမ်နှင့် အဆောက်အအုံများ အများဆုံး ချိုပ်ပိတ်သိမ်းဆည်းခံရ




စစ်အာဏာသိမ်းပြီးနောက်ပိုင်း ၂၀၂၂ ခုနှစ် မတ် ၇ ရက်အထိ ချိုပ်ပိတ်သိမ်းဆည်းခံရသော နေအိမ်နှင့် အဆောက်အအုံ စုစုပေါင်း **၅၃၁ လုံး** ထက်မနည်း ရှိခဲ့ပါသည်။ ထိုအထဲမှ **၆၄ ဒသမ ၂ ရာခိုင်နှုန်း**သည် သာမန် အရပ်သားများ၏ ပိုင်ဆိုင်မှု ဖြစ်ပြီး အများဆုံး ချိုပ်ပိတ်သိမ်းဆည်းခံခဲ့ရခြင်းဖြစ်သည်။ **၂၃ ဒသမ ၅ ရာခိုင်နှုန်း**သည် လွှတ်တော်ကိုယ်စားလှယ်များ၏ ပိုင်ဆိုင်မှု ဖြစ်ပြီး ဒုတိယအများဆုံး ဖြစ်ကာ၊ **၁၂ ဒသမ ၂ ရာခိုင်နှုန်း**မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီဝင်များနှင့် ပါတီ၏ ပိုင်ဆိုင်မှု ဖြစ်သည်။

ရည်ညွှန်း - မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

## NUG၊ CRPH၊ PDF တို့နှင့် ပတ်သက်၍ အများဆုံးသိမ်းဆည်းခံရ




ISP-Myanmar က စုစည်းထားသော အချက်အလက်များနှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က ပြုစုထားသော မှတ်တမ်းများအရ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ၂၀၂၂ ခုနှစ် မတ် ၇ ရက်နေ့အထိ ချိပ်ပိတ်သိမ်းဆည်းခံခဲ့ရသည့် နေအိမ်၊ အဆောက်အအုံ စုစုပေါင်း **၅၃၁ လုံး**ထက်မနည်းရှိခဲ့ပါသည်။ ၎င်းတို့အနက် NUG၊ CRPH၊ PDF တို့နှင့်ဆက်စပ်သည်ဟုဆိုကာ ချိပ်ပိတ်ခံရသည့် နေအိမ်နှင့် အဆောက်အအုံ **၂၉၄ လုံး** ရှိခဲ့သည်။ ဆန္ဒပြမှုများနှင့်ဆက်စပ်၍ **၁၇ လုံး**၊ ဗုံးဖောက်ခွဲမှုများနှင့်ဆက်စပ်၍ **၁၃ လုံး** သိမ်းဆည်းခံခဲ့ရကာ အကြောင်းအရင်းအတိအကျ မသိရှိရဘဲ ချိပ်ပိတ်သိမ်းဆည်းခြင်းခံခဲ့ရသည့် အရေအတွက် **၂၀၃ လုံး**ထက်မနည်း ရှိခဲ့ပါသည်။ ယခုအချက်အလက်များသည် လက်လှမ်းမီသမျှ စုစည်းထားခြင်းသာဖြစ်ပြီး ယခုဖော်ပြထားသည့် ကိန်းဂဏန်းထက် ပိုများနိုင်ပါသည်။

ရည်ညွှန်း - မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။